**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**နေပြည်တော်**

## "ရေနံဓာတ်ငွေ့ရည်ကို ပြည်ပမှတင်သွင်း၍ တင်/ချဆိပ်ခံတံတားအပါအဝင် သိုလှောင်စခန်းဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းလိုင်စင်"

**လိုင်စင်အမှတ်၊ ၀၀၀-က** **လိုင်စင်အမျိုးအစား၊ ဣ**

၁။ ပုဂ္ဂလိကလုပ်ငန်းရှင်၊ ကုမ္ပဏီ၊ အဖွဲ့အစည်း၏အမည် ____________________

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ____________________

၃။ ကုမ္ပဏီမှတ်ပုံတင်အမှတ်နှင့် ထုတ်ပေးသည့်ရက်စွဲ ____________________

၄။ လုပ်ငန်းတည်နေရာ ____________________

၅။ ဖြန့်ဖြူးမည့်ရေနံ ဓာတ်ငွေ့ရည် အမျိုးအစား ____________________

၆။ (က) သိုလှောင်ကန်ပမာဏ ____________________

(ခ) သိုလှောင်ရုံအကျယ်အဝန်း (ဆလင်ဒါဖြည့်တင်းရုံ) ____________________

၇။ လိုင်စင်သက်တမ်းကာလ -----------မှ --------- ထိ

---------
ဦးဆောင်ညွှန်ကြားရေးမှူး

ရက်စွဲ၊

# လိုက်နာရမည့်စည်းကမ်းချက်များ

၁။ ဤလုပ်ငန်းလိုင်စင်ရရှိသည့် ပုဂ္ဂလိကလုပ်ငန်းရှင်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းမှအပ အခြားတစ်ဦးဦးသို့ထပ်ဆင့်လွှဲပြောင်းလုပ်ကိုင်လိုပါက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသို့ တင်ပြခွင့်ပြုချက်တောင်းခံရမည်။

၂။ ဤလုပ်ငန်းလိုင်စင်သည် ပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၃။ လုပ်ငန်းလိုင်စင်ရရှိသူသည် နိုင်ငံတော်မှပြဋ္ဌာန်းထုတ်ပြန်ထားသည့် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို တိကျစွာလိုက်နာရမည်။

၄။ ပတ်ဝန်းကျင် လေထု၊ မြေထု၊ ရေထုညစ်ညမ်းမှု မဖြစ်ပေါ်စေရန်အတွက် ပတ်ဝန်းကျင်ညစ်ညမ်းမှုထိန်းသိမ်းရေးအစီအမံများကို စနစ်တကျဆောင်ရွက်ထားရှိရမည်။ လုပ်ငန်းဆောင်ရွက်ရာတွင် အများပြည်သူနှင့်ပတ်ဝန်းကျင်ကို အနှောင့်အယှက်မဖြစ်စေရေး အထူးဂရုပြုဆောင်ရွက်ရမည်။

၅။ လုံခြုံရေးနှင့်မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်သည့်အစီအမံများ ပြည့်စုံစွာစီမံဆောင်ရွက်ထားရှိရမည်။

၆။ ရေနံဓာတ်ငွေ့ရည် အရည်အသွေးနှင့်အချင်အတွယ် မှန်ကန်မှုရှိရမည်။ လုပ်ငန်းလိုအပ်ချက်အရတာဝန်ရှိသူများမှ အချိန်မရွေးလာရောက်စစ်ဆေးပါက လိုအပ်သလိုအစစ်ဆေးခံရမည်ဖြစ်ပြီး အရည်အသွေးစစ်ဆေးမှုအတွက် ကျသင့်သည့်ဓာတ်ခွဲစမ်းသပ်ခကိုကျခံပေးရမည်။

၇။ ယခင်လအတွင်းဝယ်ယူတင်သွင်းရောင်းချခဲ့သည့်အခြေအနေကို သတ်မှတ်ပုံစံတွင် ဖြည့်စွက်၍ ညွှန်ကြားရေးမှူး(ကုန်ထုတ်)၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းထံလိပ်မူပြီး လဆန်း(၁၀)ရက်နေ့နောက်ဆုံးထား၍ သင့်ရာနည်းဖြင့်ပေးပို့ရမည်။

၈။ အတည်ပြုသတ်မှတ်ခွင့်ပြုပြီးသည့် အဆောက်အဦ၊ ရေနံဓာတ်ငွေ့ရည်သိုလှောင်ကန်နှင့်သိုလှောင်ရုံတို့ကို ပြောင်းရွှေ့ခြင်း၊ တိုးချဲ့ခြင်း၊ အစားထိုးလဲလှယ်ခြင်းများ ပြုလုပ်ခွင့်မပြု။ ပြောင်းလဲပြင်ဆင်တိုးချဲ့အစားထိုးခြင်းများပြုလုပ်လိုပါက ပြောင်းလဲလိုသော အကြောင်းပြချက်နှင့် ပြောင်းလဲမှုပြုလုပ်မည့် အနေအထားများ၊ အချက်အလက်များဖော်ပြ၍ သက်ဆိုင်ရာဝန်ကြီးဌာနများဖြစ်သည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့သို့ စာဖြင့်လျှောက်ထားခွင့်ပြုချက်ရယူရမည်။

၉။ နှစ်စဉ်လိုင်စင်သက်တမ်းတိုးမြှင့်ခြင်းကို လိုင်စင်သက်တမ်း ကုန်ဆုံးရက်မတိုင်မီ အပြီးဆောင်ရွက်ရမည်။ (၃)လအထက်ကျော်လွန်၍ သက်တမ်းတိုးရန်ပျက်ကွက်ပါက လိုင်စင်သက်တမ်းအလိုအလျောက်ပျက်ပြယ်သည်ဟု သတ်မှတ်ရမည်။

၁၀။ လုပ်ငန်းလိုင်စင်ထုတ်ယူခြင်း၊ သက်တမ်းတိုးခြင်းများအတွက် သတ်မှတ်ကျသင့်နှုန်းထားများပေးဆောင်ရမည်ဖြစ်ပြီး သက်တမ်းတိုးရက်ကျော်လွန်ခြင်း၊ ပျက်စီးပျောက်ဆုံးမှုများအားလိုင်စင်အသစ်ထပ်မံထုတ်ယူခြင်းအတွက် သတ်မှတ်ထားသောဒဏ်ကြေးများ ပေးဆောင်ရမည်။

၁၁။ အထက်ဖော်ပြပါ လိုက်နာရမည့်စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက လုပ်ငန်းလိုင်စင်ကို ပိတ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းစသည့် ပြစ်ဒဏ်များကိုခံရမည့်အပြင် လိုအပ်ပါကတရားဥပဒေအရအရေးယူခြင်းခံရမည်။